# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်( Myanmar Maritime University ) တွင် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ( ၂ )ရက်နေ့တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်းများ | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Shipping Management) | အချိန်ပိုင်း(၁ )နှစ် | ၅၀ |
| ( ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Port Management) | အချိန်ပိုင်း(၁ )နှစ် | ၅၀ |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

( ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ ဒီပလိုမာသင်တန်းအားလုံးအတွက် ဝန်ထမ်းဖြစ်လျှင်( ပုဂ္ဂလိကလုပ်ငန်းအပါအဝင် )၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ အချိန်ပိုင်းသင်တန်းကို တစ်ပတ်လျှင်( ၆ )ရက် ( တနင်္လာနေ့ မှ သောကြာနေ့ ) အထိ နံနက်(၇း၀၀)နာရီမှ နံနက်(၉း၀၀)နာရီ နှင့် စနေနေ့ နံနက်( ၈ း ၀၀ )မှ ညနေ( ၄ း ၃၀ )အထိ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှုဌာန( HRDC )တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ | Dip. SM |
| (ခ ) | ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ | Dip. PM |

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလ(၇)ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး အောက်တိုဘာလ(၃၁)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စပို့အရွယ်ဓါတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေး

ကတ်ပြားမူရင်းနှင့်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အထက်ပါ ဘွဲ့လွန်ဒီပလိုမာနံနက်ပိုင်းသင်တန်းများအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ဤတက္ကသိုလ်၌ ၄.၁၁.၂၀၁၉(တနင်္လာနေ့)တွင် ကြေညာထားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ၏ Website www. mmu.edu. mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၅.၁၁.၂၀၁၉(သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပါမည်။

၉။ အသေးစိတ် အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉၇၉၈၁၈၄၃၃၂ နှင့် ၀၉-၄၅၈၁၃၈၀၇၇သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# Logistics ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်( Myanmar Maritime University ) တွင် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့ တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်း | | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|---|
| (က) | Post Graduate Diploma in Transport and Logistics Management ( နံနက်ပိုင်း ) | အချိန်ပိုင်း(၁)နှစ် | ၇၀ |
| ( ခ ) | Post Graduate Diploma in Transport and Logistics Management ( ညနေပိုင်း ) | အချိန်ပိုင်း(၁)နှစ် | ၁၅၀ |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်

(က)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

( ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ အဆိုပါသင်တန်းအတွက် ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ သင်တန်းကို တစ်ပတ်လျှင်( ၅ )ရက် ( တနင်္လာနေ့ မှ သောကြာနေ့ ) အထိ နံနက်ပိုင်း သင်တန်းကို နံနက်(၇း၀၀)နာရီမှ နံနက်(၉း၀၀)အထိလည်းကောင်း၊ ညနေပိုင်းသင်တန်းကို ညနေ (၅း၃၀) နာရီမှ (၇း၃၀)နာရီအထိလည်းကောင်း သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်း ဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန ဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဌာန ( HRDC )တွင် ပို့ချပေးမည် ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက Diploma in Transport and Logistics Management ( Dip.TLM) ဘွဲ့အပ်နှင်းမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလ(၇)ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး အောက်တိုဘာလ (၃၁)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စပို့ အရွယ်ဓါတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်) နိုင်ငံသား

စိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဥ်းစားမည်မဟုတ်ပါ။

၇။ Logistics ဘွဲ့လွန်ဒီပလိုမာဝင်ခွင့်အတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့် အစီအစဥ်များကို ဤတက္ကသိုလ်၌ ၄.၁၁.၂၀၁၉ ရက်နေ့တွင် ကြေညာထားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www. mmu. edu. mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၅.၁၁.၂၀၁၉(သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပါမည်။

၉။ အသေးစိတ် အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉၇၉၈၁၈၄၃၃၂ နှင့် ၀၉-၄၅၈၁၃၈၀၇၇သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**